# အောင်ဆန်း သို့မဟုတ် အရိုင်း

**မြန်မာ့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းကို ရိုင်းစိုင်းတဲ့၊ ဒေါသကြီး၊ ကြောင်တတ်တဲ့ ဒါပေမဲ့ တိုင်းပြည် လွတ်လပ်ဖို့ကို တစိုက်မတ်မတ် ဆောင်ရွက် သွားတဲ့ အောင်ဆန်း အဖြစ် ချယ်မှုန်း လိုက်တဲ့ ဒဂုန်တာရာရဲ့ "အောင်ဆန်း သို့မဟုတ် အရိုင်း" ရုပ်ပုံလွှာ အဖွဲ့အနွဲ့ကို ပြန်လည် ကူးယူ ဖော်ပြ လိုက်တာ ဖြစ်ပါတယ်။**



## အောင်ဆန်း သို့မဟုတ် အရိုင်း

(၁)

သူ၏ အောက်မှ လူထုကြီးသည် စည်းကမ်း သေဝပ်ခြင်း အတန်ငယ် ကင်းမဲ့စွာ နားထောင်လျက် ရှိ၏။ လူထုကြီးသည် စူးစိုက်ခြင်း မရှိ၊ တချက ပြုံးရယ်၍ နေ၏။ နောက်နားရှိ လူထု အစိတ်အပိုင်း တခုကား အချင်းချင်း ခေါင်းချင်း ကပ်ကာ တီးတိုး ပြောနေ ကြ၏။ သို့သော် ပျက်ရယ် ပြုခြင်းကား မရှိ။ လေးစားခြင်းသည် အားလုံး၌ တညီတညွတ်တည်း ရှိ၏။

အစိမ်းရောင် ကတ္တီပါ ကားကြီးသည် သူ့ကို နောက်ကားခံ၍ ထား၏။ ကားလိပ်ကြီးမှာ ဘာရုပ်ပုံ၊ တောတောင်မှ ချယ်လှယ် ထားခြင်း မရှိ။ ပကတိ ပိန်းပြောင်ပြောင် ဖြစ်၏။ ကတ္တီပါ ကားသည် အခြား ဘာအဓိပ္ပာယ် ကိုမျှ ထူးထူးထွေထွေ မဖော်ပြ၊ သို့သော် မှိုင်းညို့ခြင်း တခု ကိုသာ ရဲဝံ့စွာ ဆောင်ရွက် နေသည်။ သူသည် သည် စိမ်းညိုသော ကားကြီး၏ ရှေ့ စင်မြင့် ဇာတ်ခုံ ပေါ်၌ ရပ်ကာ စကား ပြော၍ နေသည်။ သူသည် မြန်မာ ပထဝီ မြေကြီးမှ မြန်မာ ဝါဂွမ်းဖြင့် ယက်လုပ်သည့် ပင်နီ ဖျဉ်ကြမ်း ကြီးကို ဝတ်ထား၏။ လုံချည်မှာ နီရဲသော ရွှေတောင် ပိုးလုံချည် ဖြစ်၏။ ခေါင်းမှာ ပွယောင်းယောင်းနှင့် မသေသပ်။ မျက်နှာ အသွင်အပြင်မှာ အပူပိုင်း ဒေသ အီကွေတာ ပေါ်ရှိ ကျွန်းစုများတွင် နေထိုင်သော မွန်ဂိုလီယံ အနွယ် လူရိုင်း မျက်နှာနှင့် တူ၏။ သို့မဟုတ် တောင်ပေါ် ချင်းတယောက် မျက်နှာ နှင့်လည်း တူ၏။

တက္ကသိုလ် ကျောင်းသား လူလတ် တန်းစား၏ လက္ခဏာ ဖြစ်သော ထယ်ဝါခြင်း၊ ယဉ်ကျေး သိမ်မွေ့ခြင်း တို့သည် သူ့တွင် လုံး ဝမရှိအောင်။ လမ်းပေါ်တွင် နေရာ တကာ တွေ့မြင် နိုင်သော သာမန် ဆင်းရဲသား တဦး နှင့်သာ တူ၏။ လူထု ထဲမှ လူတဦး၏ အသွင်အပြင် မျိုးသာ ဖြစ်၏။ သူသည် လက်နှစ်ဖက်ကို ဘေးသို့ ကား၍ လှုပ်ကာလှုပ်ကာ စကား ပြော၏။ သူ၏ စကားလုံး များကား ပြေပြစ်ခြင်း မရှိ၊ ချောမွေ့ခြင်း မရှိ၊ သို့သော် အတွင်း၌ကား အနက် ပါ၏။

သင် ပဌမဆုံး တွေ့မြင်သော အောင်ဆန်း၏ ပုံပန်းကို ရေးပြပါ ဆိုလျှင် ကျွန်တော်သည် သည်ပုံကို ရေးပြမည် ဖြစ်ပေသည်။

ထို အခါကား ၁၉၃၆ ခု၊ ပထမဆုံး ကျင်းပ အပ်သော ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ညီလာခံကြီးကို ရန်ကုန် ဂျူဗလီဟော ခန်းမတွင် ဆင်ယင်သော အခါ ဖြစ်ပေသည်။ ကျွန်တော်သည် အထက်တန်း ကျောင်းတွင် ပညာ သင်ကြားလျက် ရှိရာ၊ နယ်မှ ကျောင်းသား ကိုယ်စားလှယ် အဖြစ် ကျောင်းသား ညီလာခံသို့ တက်ရောက်စဉ် အောင်ဆန်း စကား ပြောသည်ကို တွေ့ရခြင်း ဖြစ်ပေသည်။

၁၉၃၆ ခု၊ သပိတ်မှောက် ကိစ္စ တောက်လောင် တော့မည့် ဆဲဆဲ၊ မီးခိုးများ အူနေသည့် အခိုက် 'အောင်ဆန်း' အမည်ကို သတင်းစာ များတွင် ဖတ်ရသော အခါ သူ့ကို သိချင်သော စိတ် ထက်သန် ခဲ့သည်။ ထိုအခါ အောင်ဆန်းမှာ တက္ကသိုလ် သမဂ္ဂ အသင်း၏ ကြွေးကြော်သံ ဖြစ်သော အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ ဖြစ်၏။ ကျွန်တော်မှာ စာပေ ဝါသနာ ပါသူ ဖြစ်ရာ အောင်ဆန်းကို အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ အဖြစ် စိတ်ဝင် စား၏။ အားကျ၏၊ သူ့ အကြောင်းကို သိချင်၏၊ တွေ့ဘူးချင်၏။

သို့သော် ဂျူဗလီဟော ကျောင်းသားများ ညီလာခံတွင် သူ၏ ရုပ်သွင်နှင့် သူ စကား ပြောသည်ကို တွေ့မြင် ကြားနာ ရသော အခါ အထင်နှင့် အမြင် ကွာနေ သည်ကို တွေ့ရ၏။ ကျွန်တော် ထင်ထား သည်မှာ ကောလိပ် ကျောင်းသား၊ ရုပ်ဖြောင့်၊ ဂိုက်ကျ၊ စကား ပြောကောင်းဟု ဖြစ်၏။

အယ်ဒီတာလည်း ဖြစ်သဖြင့် အတော် အထင် ကြီးထား လေ၏။

တွေ့ရသော အခါ ရုက်ကလည်း မဖြောင့်၊ စကား ပြောလည်း မပြေပြစ်၊ သို့ဖြစ်၍ စိတ်ထဲက မကျေနပ်။

ထိုအခါ ကျွန်တော့်မှာ အရွယ် နုနယ် သေး၍ စိတ်ကူး ယဉ်ယဉ် ဖြင့်သာ အောင်ဆန်းကို ရုပ်ဖြောင့် စေချင်၊ စကား ပြောကောင်း စေချင် နေ၏။ ထို့ကြောင့် စိတ်ထဲက မကျေနပ်။

(၂)

နောက် ၁ နှစ်ခန့် ကြာသော အခါ၊ ကျွန်တော်သည် တက္ကသိုလ်သို့ ရောက်၍ နေသည်။ ကျွန်တော် တက္ကသိုလ် ရောက်သည့် ၁၉၃၇ – ၃၈ ခုနှစ်တွင် ကိုအောင်ဆန်းသည် တက္ကသိုလ် သမဂ္ဂတွင် ဒုတိယ ဥက္ကဋ္ဌ၊ ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂတွင် ဥက္ကဋ္ဌ ဖြစ်၏။ ထိုအခါ ကျွန်တော်သည် ကိုအောင်ဆန်းနှင့် အသိ ဖြစ်လာ၏။ အသိ ဖြစ်ရုံ ဖြစ်သည်၊ မရင်းနှီး ခဲ့ပေ။

သူနှင့်ကား ရင်းနှီး၍ မဖြစ်၊ သူသည် ရင်းနှီး၍ ရသော လူစားမျိုး မဟုတ်၊ နိုင်ငံရေး အတူတူ တွဲဖက် လုပ်လျှင်သာ သူနှင့် ရင်းနှီးမည် ဖြစ်၏။ တက္ကသိုလ်တွင် နေစဉ် ကျွန်တော်သည် သမဂ္ဂ နိုင်ငံရေး ကိုသာ တဖက်သတ် မလိုက်၊ စာပေ ကဗျာလည်း ရေးချင်၏။ ဂီတ ကိုလည်း လိုက်စား၏။ သည်လို အစုံ လုပ်ချင် သဖြင့် သူနှင့် မရင်းနှီး နိုင်ပေ။ သူကား နိုင်ငံရေး သမား သက်သက် ဖြစ်သည်။

ကိုအောင်ဆန်းနှင့် ကျွန်တော့်ကို သခင် ဗဟိန်းက အသိ ဖွဲ့ပေး ခဲ့၏။ သို့သော် ကျွန်တော်သည် နိုင်ငံရေး သမား သက်သက် မဟုတ် သဖြင့် သူ၏ အသိ မိတ်ဆွေထက် လွန်မြောက်၍ ရင်းနှီးသော အဖြစ်သို့ မရောက် သွားခဲ့ပေ။

သခင် ဗဟိန်း နှင့်ကား သည်လို မဟုတ်။ သခင် ဗဟိန်းသည် ယဉ်ကျေး သိမ်မွေ့သူ ဖြစ်၏။ စာပေ၊ ကဗျာ၊ လင်္ကာကို နှစ်သက်၏။ ဂီတကို ချစ်၏။ ထို့ကြောင့် သူနှင့် ကျွန်တော် ခဏ နှင့်ပင် ရင်းနှီး ချစ်ခင်ကာ သူ ကွန်မြူနစ် ဖြစ်နေသည့် ဘဝ အထိပင် ရင်းနှီး ချစ်ခင်ခြင်း မပျက်။ ကျွန်တော်ကား နိုင်ငံရေး သမားလည်း မဟုတ်။ သို့သော် ချစ်ခင် ရင်းနှီး၏။ ကိုအောင်ဆန်း နှင့်ကား သည်ကဲ့သို့ မဟုတ်။

ကျွန်တော် စာရေး ဝါသနာ ပါသည်ကို ကိုအောင်ဆန်း သိ၏။ သို့ရာတွင် ကျွန်တော် ရေးခဲ့သော ဒဂုန် မဂ္ဂဇင်းမှ ရတု ပိုဒ်စုံ စသော ကဗျာများ၊ ဝတ္ထုတို၊ ဆောင်းပါး စသည့်စာပေ များကို သူအကုန် ဖတ်ဖူး လိမ့်မည် မထင်။ ဂရု စိုက်၍ ဖတ်မည့် လူမျိုးလည်း မဟုတ်။

သို့သော် တခါက သခင် ဗဟိန်းနှင့် အတူ သမဂ္ဂ အမှုဆောင် ကော်မတီ အခန်းတွင် ပင်းယ မဂ္ဂဇင်း၌ ပုံနှိပ် ထားသော ကျွန်တော်၏ ဆောင်းပါး တခု ကိုကား ကျွန်တော့် ရှေ့တွင် ဖတ်သည်ကို တွေ့ရ ဖူး၏။ ဖတ်ပြီးလျှင် ဝေဖန်ချက် ပေး၏။

ကိုအောင်ဆန်း သည်လည်း အင်္ဂလိပ် မြန်မာ ဆောင်းပါးရှင် တဦး ဖြစ်ပေသည်။ အင်္ဂလိပ် ဘာသာဖြင့် ရေးသားသော သူ၏ ဆောင်းပါး များကို ဂန္ထလောက မဂ္ဂဇင်းတွင် ဖတ်ရ ဖူးသည်။ သူသည် ဗုဒ္ဓ ဘာသာ တရားတော်နှင့် ပတ်သက်သော ဆောင်းပါး များကို ရေး၏။ ကျောင်းသားများ အဝတ်အစား ဝတ်ဆင်ရေး ပြဿနာကို သူသည် ဂန္ထလောကတွင် ပန်းတနော် ဦးသန့်နှင့် အပြန်အလှန် ရေးသည်။

ဗမာ နိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂ အသင်း၏ ကြွေးကြော်သံ 'မျိုးညွန့်' မဂ္ဂဇင်းတွင် ပါသော သူ၏ 'လောကဝိဟာ' အမည်ရှိ ဆောင်းပါး တိုကလေး ကိုကား သဘော ကျခဲ့၏။ ကမ္ဘာ လောကကြီးအား ကိုယ်တွေ့ ပညာ ဗဟု သုတ အမြင် တို့ကို ပေးသော စာသင်ကျောင်းနှင့် ဥပမာ တင်၍ ရေးသား ထားသည်။ ကိုအောင်ဆန်းသည် မြန်မာစာ အရေး ညံ့သူ မဟုတ်ပေ၊ တိတိကျကျ ရေးတတ်၏။ ပါဠိကို မှန်ကန်စွာ သုံး၏။ တခါတရံ ဟာသဉာဏ် ပါ၏။

ပုသိမ် မြို့တွင် ကျင်းပသော ကျောင်းသားများ ညီလာခံ၌ သူ၏ ဥက္ကဋ္ဌ မိန့်ခွန်းတွင် ကင်းဘဲလ် အစီရင်ခံစာကို 'ပညာရေး ပူရာဏ် ကျမ်းကြီးပေ တကား....' ဟု ပြောင်လှောင် ထားသည်မှာ သရော်ချက် ပါပေသည်။

ကျောင်းမှ ထွက်ပြီး ဒို့ဗမာ အစည်းအရုံးသို့ ဝင်သော အခါ ဝတ်ပြတ် လာ၍လား မပြောတတ်၊ ဒဂုန် မဂ္ဂဇင်းတွင် ရေးလိုကြောင်း ကျွန်တော့်ကို ပြော၏။ ကျွန်တော်လည်း တိုက်ရှင် တို့နှင့် စီစဉ်၍ လစဉ် ကိုအောင်ဆန်း ဆောင်းပါးများ ပါစေသည်။

ဒဂုန် မဂ္ဂဇင်းက ကိုအောင်ဆန်း ရေးသော ဆောင်းပါးများ အတွက် ဆုချီးမြှင့်၏။ သူရေးသော ဆောင်းပါးကား 'နိုင်ငံရေး အမျိုးမျိုး' ဟူသော ဆောင်းပါး ဖြစ်သည်။ ဂရိ နိုင်ငံရေး အစ ချီ၍ မျက်မှောက် မြန်မာ နိုင်ငံရေး အခြေအနေ အထိ ရေး၏။ စာပြောင်၏။ ဖတ်၍ ကောင်း၏။

သူလည်း ဒဂုန်တွင် ကြာကြာ မရေးရ၊ မကြာခင် ဂျပန် ပြည်သို့ ထွက်သွား သဖြင့် သူ့ ဆောင်းပါးလည်း ရပ်၍ သွား၏။ အစိုးရ ကလည်း ငြိုးထား ၍လား မပြောတတ်၊ ဒဂုန် မဂ္ဂဇင်းမှာ ထိုနှစ် မှာပင် ပိတ်ခြင်း ခံရ ရှာလေသည်။

(၃)

သမဂ္ဂ ဥက္ကဋ္ဌ ဖြစ်သော ၁၉၃၈ – ၃၉ ခုနှစ်က သူသည် ဘီအယ်လ် တန်းတွင် ရှိ၍ ပဲခူး ကျောင်းဆောင် အလယ် ထပ်တွင် နေသည်။ သူ၏ အခန်းသည် သပ်ယပ်ခြင်း ကင်းမဲ့၏။ အခန်းတွင် စာအုပ်များ ပြည့်နှက်၍ နေ၏။ စာအုပ် များသည် စားပွဲပေါ် တချို့၊ ဘီဒိုပေါ် တချို့၊ ကြမ်းပြင်ပေါ်တွင် တချို့ ပြန့်ကြဲကာ ရှုန်းရင်း ဆန်ခတ် ဖြစ်၍ နေကြ၏။ သူသည် အင်မတန် စာဖတ်သူ တယောက် ဖြစ်၏။

သူသည် ဒေါသ ကြီးသူ တဦး ဖြစ်၏။ သည်လို အများက ထင်၏။ ကျွန်တော့် အဖို့ကား ဒေါသ ကြီးသည် မကြီးသည်ကို မသိ၊ သူ့တွင် စိတ်လိုက်

မာန်ပါ စိတ်တွေ ရှိသည်ဟု ကျွန်တော် ထင်၏။

နှစ်ကိုကား အသေအချာ မမှတ်မိတော့။ သပိတ်မှောက် နှစ်လည် အထိမ်းအမှတ်ပွဲ တခု တက္ကသိုလ် သမဂ္ဂတွင် ကျင်းပ၏။ ပရိတ်သတ် ထဲက ထ၍ ဝေဖန် စကားများ ပြောကြ၏။ ထိုသို့ ပြောကြသည့် အထဲတွင် စစ်ကိုင်း ကျောင်းဆောင်မှ ကုလား ကျောင်းသား တဦးက ဥက္ကဋ္ဌဟောင်း မစ္စတာ ရာရှစ်ကို ဝေဖန်ရာ၌ အတော် ထိခိုက်သော အပြစ် တွေကို ထုတ်ဖော် ပြောလေသည်။ ကုလား ကျောင်းသား ပြောသည့် စကားများသည် အခြေခိုင်သည် မခိုင်သည် ကိုကား မမှတ်မိ တော့ပေ။ ကိုအောင်ဆန်းသည် မစ္စတာ ရာရှစ် အတွက် ဒေါပွကာ ထိုကုလားကို ကြိမ်းမောင်း၍ 'ရဲရင့်ထွက်' စသော အသုံးမျိုး သုံး၏။ လက်သီး ဆုပ်ကာ ကုလား အနီးသို့ တိုး၍ သွား၏။ ဘေးက ကျောင်းသား များက ဝိုင်း၍ ဆွဲထား ကြလေ၏။

သူသည် ဒေါသကြောင့် ဆတ်ဆတ် တုန်လျက် ရှိလေသည်။

ကုလား - ဗမာ အဓိကရုဏ်း အပြီး ဒေါက်တာ ဘမော်၏ တက္ကသိုလ် ဥပဒေ ပြင်ဆင်ရေး အဆိုကြမ်းကို သမဂ္ဂက ငြင်းပယ် လိုက်သည့် ကိစ္စနှင့် ပတ်သက်၍ ညိုမြ အမျုး ရှိသော ကျောင်းသား တစုက မကျေနပ် သဖြင့် သမဂ္ဂကို အယုံအကြည် မရှိ အဆို တင်သွင်း၏။ ထို အစည်းအဝေး၌ ကိုအောင်ဆန်းသည် ညိုမြကို ဒေါပွကာ ဥက္ကဋ္ဌ ကုလားထိုင်မှ နေ၍ ညိုမြ အတင်းကို အတော် ပြောလိုက် လေသည်။

သည်လို စိတ်လိုက် မာန်ပါ ပြောပြီး နောက်တပတ်လောက် ကြာသော အခါ ထိုနေ့က အောင်ဆန်းက ညိုမြအား ရှုတ်ချသော စကား များကို ရုပ်သိမ်း လိုက်ကြောင်း ကြော်ငြာ စာကို တက္ကသိုလ် ကျောင်းဆောင် အသီသီးတွင် ထွက်ပေါ်၍ လာလေသည်။

တက္ကသိုလ်တွင် ရှိစဉ်က ကိုအောင်ဆန်းသည် ပြုံးသော မျက်နှာထားကို ထားခဲ့၏။

သူ၏ မျက်နှာထားသည် သုန်မှုန်၏။ တခါ တွေ့ဖူးသော သူကို နောက်တခါ တွေ့လျှင် နှုတ်ဆက်ချင်မှ ဆက်၏။ သူ့ကို သိသူက ပြုံးပြ သော်လည်း သူသည် တုံ့ပြန်၍ ပြုံးချင်မှ ပြုံး၏။ ဥက္ကဋ္ဌ ဖြစ်သဖြင့် သူ့ကိုကား ကျောင်းသားတိုင်းက သိကြ၏။ သူကလည်း အစဉ်လိုလို နိုင်ငံရေး ကိုသာ တွေးနေဟန် တူ၏။ မြန်မာပြည်၏ လွတ်လပ်ရေး အတွက် စိတ်ပူပုံ ရ၏။ ထို့ကြောင့် သူသည် သုန်မှုန်လျက် ရှိနေသည်။

သူ စကား ပြောလျှင်လည်း နိုင်ငံရေး အကြောင်း ကိုသာ ပြောသည်။ ပြောနေစဉ် ဘေးရှိ လူများက နားထောင် နေရသည်။ ဘေးက လူများ၏ စကားကို သူမကြား၊ သူပြောချင် တာတွေ ကိုသာ စွတ်၍ ပြောနေ တတ်သည်။

(၄)

တခါက ရန်ကုန်ကို ဂျပန်တို့ သိမ်းပိုက်စ အချိန်၊ ဝိတိုရိယ ရိပ်သာရှိ အိမ်တအိမ်တွင် သခင်မြနှင့် ရဲဘော်များ နေထိုင်လျက် ရှိကြသည်။ ကျွန်တော့် မှာလည်း တောက ရောက်ခါစ ဖြစ်သည်။ ဧည့်ခန်းရှိ စန္ဒယားတွင် ကျွန်တော်က ထိုင်ကာ တီးနေ၏။ ဘေးမှ သခင် စံဝေနှင့် တက္ကသိုလ် ကျောင်းသား အချို့က ဝိုင်း၍ သီချင်း လိုက်ဆိုလျက် ရှိ၏။ ဘီအိုင်အေ သမား များမှာ ဂီတ အင်မတန် ငန်နေ၍ သီချင်းသံကို တောင့်တ သဖြင့် အတင်း တီးခိုင်း ကြ၏။ စန္ဒယားမှာ အသံတွေ ပျက်နေ၏။

"ချစ်ခင် မှာလား .... ကြင်မှာလား ခင်ခင်ရယ် .... ချစ်သဲနွယ် .... အဟုတ်ကို ချစ်တော့မယ် .... ခင်ရယ် ကြင်မယ် ....။

ဝိုင်း၍ သီဆို နေကြ ရာမှ သည်နေရာ သို့ရောက်သော အခါ ကိုအောင်ဆန်းသည် ဂေါက် - ဂေါက် - ဂေါက်နှင့် တဖက်မှ လျှောက်လာကာ စန္ဒယား အပေါ်တွင် လက်ထောက် ရပ်လျက် ....

'ဟေ့...ရပ်ကြ။ ခုလို အခါ မျိုးမှာ ရဲစိတ် ရဲမာန် တက်စေမယ့် ရဲတင်းသံ ကိုသာ ဆိုရ မယ်ဗျ။ ဒီချစ်မယ် ကြင်မယ် သီချင်း မျိုးက မဟန်ဘူး ...."

ရုတ်တရက် ကြောင်၍ ကျွန်တော်သည် စန္ဒယားကို ခေတ္တ ရပ်လိုက်၏။ သူသည် သူ ပြောချင်တာ ပြောပြီး၍ ထွက်သွား လေသည်။ ကျွန်တော် တို့လည်း ဆက်လက် သီဆိုကာ ကျန်ရစ် ခဲ့ကြသည်။ သူကား သည်လို လူစားမျိုး။

သမဂ္ဂ ဥက္ကဋ္ဌ ကိုလှမောင် (ယခု သံအမတ်) ၏ လက်ထပ်ပွဲသည် ဘီအိုင်အေ ခေတ်၌ ရွှေတောင်ကြားတွင် ကျင်းပသည်။ သူ၏ လက်ထပ်ပွဲသည် ဘီအိုင်အေ သမား များတွင် ပထမ ဦးဆုံး ဖြစ်၏။ လက်ထပ်ပွဲ ပြီးသော အခါ ဧည့်ခန်း ဆောင်တွင် မိတ်ဆွေများ စုရုံးလျက် ရှိကြ၏။ စန္ဒယား ဆရာ တဦးက တီးကာ ဖျော်ဖြေလျက် ရှိသည်။ သည်အတွင်း ကိုအောင်ဆန်းသည် စန္ဒယားကို ရပ်စေကာ ကျွန်တော့်ကို လူကြား ထဲမှ အတင်း ဆွဲခေါ်၍ သီချင်း တပုဒ်ကို ဇွတ်တီး ခိုင်း၏။ သူသည် စန္ဒယားကို လက်ထောက်ကာ မရတရဖြင့် လိုက်ဆို နေ၏။ တီးသော သီချင်းမှာ 'ကဥ္စန' သီချင်းပင် ဖြစ်၏။ တေးဆုံးလျှင် လက်ခုပ်တီးကာ နောက်တပုဒ် တီးခိုင်း ပြန်၏။

တခါက ဂျပန်ခေတ် ဝန်ကြီး တဦး၏ ထမင်း စားပွဲတွင် သူလာ၏။ ထမင်း စားပွဲ စမည် ပြုသော အခါ သူ့ကို စစ်သေနာပတိဟု အားလုံးက လေးစားသော အားဖြင့် ထမင်းစား ခန်းကြီး ထဲသို့ သူ့ကို အရင် ဝင်စေ၏။ ဧည့်သည် များကား အဝတွင် ရပ်၍ သူ့ အဝင်ကို စောင့်လျက် နေကြသည်။ သူသည် စစ်ဝတ် စစ်စားနှင့် ဝင်လာကာ ရုတ်တရက် စားပွဲထိပ် ကုလားထိုင်တွင် ဝင်ထိုင် လိုက်ပြီး ဇက်ကနဲ ဘယာကျော် တတုံးကို ယူစား လိုက်လေ၏။

သူ ထမင်း စားနေစဉ် ဧည့်သည် လာ၍လည်း မြန်မာ့ ဧည့်ဝတ် ထုံးစံ အရ ထမင်း စားပါ အုံးလားဟု ခေါ်ချင်မှ ခေါ်သော လူစားမျိုး ဖြစ်၏ ။ ဒါကြောင့် သူ့ကို မိတ်ဆွေရင်း များက 'ကြောင်' သည်ဟု အမှတ် ထားကြ လေ၏။

(၅)

သူ့တွင် သိမ်မွေ့ခြင်း မရှိ၊ အလှအပကို သူမမက်မော၊ သူကြမ်းတမ်းသည်၊ ရိုင်းသည်။ ဆက်ဆံ ပေါင်းသင်းရေးတွင် ရှိသော ဒြေ့ဝတ် ထုံးစံ၊ ယဉ်ကျေးခြင်း စသည် တို့ကို သူသည် လုံးဝ ဂရု မစိုက်။ ဂီတ၊ ပန်းချီ၊ သဘင် စသော အနုပညာ ရပ်များကို မလိုက်စား၊ သူ့ကိုယ်သူ အတင်း ယဉ်ကျေးအောင် မလုပ်၊ သူ၏ နဂို အတိုင်း ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်း မပြုမပြင်ဘဲ နေ၏။

သူ့တွင် နိုင်ငံရေး ဝိဉာဉ်ကား ပြင်းထန် လှချေ၏။ သူသည် နိုင်ငံရေး တခုတည်း ကိုသာ လုပ်သော လူတဦး ဖြစ်၏။

သူသည် ရိုင်း၏၊ ကြမ်း၏၊ ကြောင်၏။ ကိစ္စ မရှိ။ သူသည် ဒြေ့ခံခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်း မဟုတ်။ တခု တည်းသော ယုံကြည်ချက်နှင့် တခုတည်း ကိုသာ မဲ၍ လုပ်သော နိုင်ငံရေး သတ္တဝါ ဖြစ်၏။ ထို့ကြောင့် ကိစ္စ မရှိ။

၁၉၄၂ – ၄၃ ခုနှစ်တွင် သူနှင့် နောက်ဆုံး တွေ့၏။ သူသည် အနုပညာ အကြောင်းကို ပြောပြ၏။

'အနုပညာ ဆိုတာ ရှိတာပဲ၊ လင်မယား ဘဝ မှာလဲ အနုပညာ မဲ့ရင် လင်မယား ကွဲမှာပေါ့။ ဒီလိုပဲ တော်လှန်ရေး မှာလဲ အနုပညာ ရှိတာပဲ။ အနုပညာ မြောက်မှ တော်လှန်ရေး ဟာလဲ တကယ့် တော်လှန်ရေး အစစ်ပဲ ....။

ဆရာမ ဒေါ်ခင်ကြည်နှင့် စေ့စပ်ပြီးစ လက်မထပ်ခင် ၃ – ၄ ရက် အလိုက ကိုဗဟိန်းကို လာရှာရင်း ကျွန်တော်နှင့် သွားတွေ့၏။ သူသည် ဒြေ့ခန်းရှိ အဖုံးပိတ် ရှိသော စန္ဒယားတွင် လက်ထောက်ကာ "ဒီမယ် ... အိမ်ထောင် ပြုတယ် ဆိုတာ သိပ် စဉ်းစား တွေဝေ နေလို့ မရဘူးဗျ။ တခါထဲ ဇွတ်လုပ် လိုက်ရတယ် ..." ဟု မမေးဘဲ သူ ဘာသာသူ ပြောနေ၏။

လက်ထပ် ပြီးစက ကျွန်တော် ရေးလျက် ရှိသော လွတ်လပ်ရေး ကြိုးပမ်းမှု စာအုပ်နှင့် ပတ်သက်၍ သူနှင့် တိုင်ပင်ရန် အင်းလျား ကန်စောင်းရှိ သူ့အိမ်သို့ ရောက်သွား၏။

ဒြေ့ခန်းတွင် ခေတ္တ စောင့်နေ ရ၏။ ထွက်လာသော အခါ သူ့ နှုတ်ခမ်းတွင် ရဲနေ သည်ကို တွေ့ရ၍ မပြုံး မိအောင် ဟန်ဆောင် နေရ၏။

သည့်နောက် သူနှင့် ကျွန်တော် မတွေ့တော့။ တွေ့ဆုံ ဖို့လည်း အကြောင်း မရှိ။ အကြောင်း မရှိဘဲ သူ့ဆီ သွားလည်လည်း ဖော်ဖော်ရွှေရွှေ လောကွတ် ပျူငှာ ခေါ်မည့် လူစား မျိုးလဲ မဟုတ်။

တခါက ဗိုလ်ချုပ် ဘဝတွင် မော်တော် ကားကြီး ထဲ၌ သူ၏ ဇနီး၊ ကလေး များနှင့် တပြုံကြီးကို မြင်လိုက် ရ၏။ 'အော် .... သားနဲ့ မယား နဲ့မို့ လူစိတ် တော်တော် ပေါက်လာပြီ၊ အရင် ကလို 'ကြောင်' တော့မည် မဟုတ်၊ အကြမ်း အရိုင်းမှ ယဉ်ကျေး တော့မည်" ဟု အောက်မေ့ လိုက်၏။ မှန် မမှန်ကား မပြောတတ်။

ဖဆပလ ဥက္ကဌ၊ အမျိုးသား ခေါင်းဆောင် ဦးအောင်ဆန်း ကိုကား ကျွန်တော် မသိ။ သူ၏ နိုင်ငံရေးကို ဝေဖန်ခြင်း မဟုတ်၊ သူ၏ လူ အဖြစ်သာ ကျွန်တော် သိသည့် အထိ ပြောပြခြင်း ဖြစ်ပေသည်။

တခုတော့ ထင်သည်။ သူသည် လူထဲမှ လူတဦး ဖြစ်၍ လူထုနှင့် ဆက်စပ် နေ၍ လူထု ခေါင်းဆောင် ဖြစ်လာသည် ဖြစ်လိမ့်မည်။ ။

**ဒဂုန်တာရာ**
***ဒီဇင်ဘာလ၊ ၁၉၄၆ ( ရုပ်ပုံလွှာမှ)***

ဆက်နွယ်တဲ့ အကြောင်းအရာ

- မှတ်မိသမျှ – ကိုအောင်ဆန်း၏ ကျောင်းသား ဘဝ
- တို့ဗမာအစည်းအရုံးခေတ်က သခင်အောင်ဆန်း
- ကျွန်တော်တို့ မှတ်မိသိရှိသမျှ ဗိုလ်ချုပ်
- ဦးအောင်ဆန်း၏ နောက်ဆုံးနေ့
- အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်း